# ကာကွယ်ဆေး လက်ခံရရှိသူများနှင့် စောင့်ရှောက်မှု ပေးသူများအတွက် သတင်းအချက်အလက် စာရွက်

## MODERNA COVID-19 ကာကွယ်ဆေးကို ကိုရိုနာ ဗိုင်းရပ်စ် ရောဂါပိုး ၂၀၁၉ (ကိုဗစ်-၁၉) ကာကွယ်ရန် အသက် ၁၈ နှစ်နှင့် အသက် ရှိသူများအား အရေးပေါ်ကိစ္စ အသုံးပြုခွင့် (EUA)

SARS-CoV-2 ကြောင့် ဖြစ်ပွားသည့် ကိုရိုနာဗိုင်းရပ်စ် ၂၀၁၉ (ကိုဗစ်-၁၉) အတွက် သင့်အား Moderna COVID-19 ကာကွယ်ဆေးထိုးရန် ကမ်းလှမ်းထားပါသည်။ ယခု စာရွက်စာတမ်းသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွား နေသည့် လက်ရှိ အချိန်တွင် သင့်အား ပေးမည့် Moderna COVID-19 ကာကွယ်ဆေး၏ ဆိုးကျိုးနှင့် ကောင်းကျိုး များကို နားလည် သဘောပေါက်စေရန် သတင်းအချက်အလက်များ ပါရှိသည်။

Moderna COVID-19 ကာကွယ်ဆေးသည် သင့်အား ကိုဗစ်-၁၉ မှ ကာကွယ် ပေးနိုင်မည့် ကာကွယ်ဆေး ဖြစ်သည်။ အမေရိကန် စားသောက်ကုန်နှင့် ဆေးဝါး ကြီးကြပ်ကွပ်ကဲမှု ဦးစီးဌာန (FDA) မှ အတည်ပြုထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး မရှိသေးပါ။

Moderna COVID-19 ကာကွယ်ဆေး အကြောင်း သိရှိရန် ယခု စာရွက်ကို ဖတ်ရှုပါ။ သင့်တွင် မေးမြန်း လိုသော မေးခွန်းများရှိပါက ကာကွယ်ဆေး ထိုးပေးမည့်သူနှင့် တိုင်ပင်ဆွေးနွေးပါ။ Moderna COVID-19 ကာကွယ်ဆေး ရယူခြင်းမှာ သင်၏ ဆန္ဒအလျောက် ဖြစ်သည်။

Moderna COVID-19 ကာကွယ်ဆေးသည် 1လ ခြားပြီး ၂ ကြိမ် သွေးကြောအတွင်းသို့ ထိုးသွင်းရသည်။

Moderna COVID-19 ကာကွယ်ဆေးသည် လူတိုင်းကို ကာကွယ်ပေးနိုင်ခြင်း မရှိပါ။

ယခု စာရွက်စာတမ်းကို အချိန်နှင့်အလိုက် ပြုပြင် ပြောင်းလဲ နိုင်ပါသည်။ နောက်ဆုံးထုတ် စာရွက်စာတမ်းကို ဖတ်ရှုရန် www.modernatx.com/covid19vaccine-eua သို့သွားပါ။

### ကာကွယ်ဆေးမထိုးခင် ဘာတွေ သိထားဖို့ လိုအပ်သလဲ။

**ကိုဗစ်-၁၉ ဆိုတာ ဘာလဲ။**

ကိုဗစ်-၁၉ ဆိုသည်မှာ SARS-CoV-2 ကိုရိုနာ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည့် ရောဂါဖြစ်သည်။ အဆိုပါ ကိုရိုနာ ဗိုင်းရပ်စ်ပိုးကို ယခင်က တွေ့ရှိဖူးခြင်း မရှိပါ။ ဗိုင်းရပ်စ်ပိုး ရှိသူနှင့် ထိတွေ့မိပါက သင့်ထံသို့ ကိုဗစ်-၁၉ ကူးစက် နိုင်သည်။ ၎င်းသည် အသက်ရှူ လမ်းကြောင်း ဆိုင်ရာ နာမကျန်းမှုကို အဓိက ဖြစ်စေပြီး အခြား ခန္ဓာကိုယ်အင်္ဂါများ ကိုလည်း သက်ရောက်မှု ရှိနိုင်သည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူများ အနေဖြင့် မပြင်းထန်သော ရောဂါ လက္ခဏာများမှ ပြင်းထန်သော နာမကျန်းမှု အထိ ကျယ်ပြန့်သော ရောဂါ လက္ခဏာများ ဖြစ်ပေါ် နိုင်သည်။ ရောဂါလက္ခဏာများမှာ ဗိုင်းရပ်စ်နှင့် ထိတွေ့ပြီး ၂ ရက်မှ ၁၄ ရက်အတွင်း ပေါ်ပေါက်နိုင်သည်။ ရောဂါလက္ခဏာများတွင် - အအေးမိခြင်း သို့မဟုတ် ကြက်သီးထခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ခန္ဓာကိုယ်သို့မဟုတ် ကြွက်သား နာကျင် ကိုက်ခဲခြင်း၊ ခေါင်းမူးခြင်း၊ အနံ့ သို့မဟုတ် အရသာ ပျောက်ဆုံးခြင်း၊ နှာပိတ်ခြင်း သို့မဟုတ် နှာစေးခြင်း၊ အန်ခြင်း သို့မဟုတ် ပျို့ခြင်း၊ ဝမ်းလျှောခြင်းတို့ ပါဝင်သည်။

**MODERNA COVID-19 ကာကွယ်ဆေး ဆိုသည်မှာ အဘယ်နည်း?**

Moderna COVID-19 ကာကွယ်ဆေးသည် ကိုဗစ်-၁၉ကို ကာကွယ်ပေးနိုင်မည့် အတည် မပြုရသေးသော ကာကွယ်ဆေး ဖြစ်သည်။ ကိုဗစ်-၁၉ ကိုကာကွယ်ပေးနိုင်မည့် FDA-အတည်ပြု ထားသော ဆေးဝါး မရှိသေးပါ။

FDA သည် Emergency Use Authorization အရေးပေါ်ကိစ္စ အသုံးပြုခွင့် (EUA) အရ Moderna COVID-19 ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့် အထက်ရှိသူများကို ကိုဗစ်-၁၉ ကာကွယ်ရန် အရေးပေါ် အသုံးပြုခွင့် ပေးထားသည်။

EUAနှင့် ပတ်သက်ပြီး အသေးစိတ် သိရှိလိုပါက ယခု စာရွက်၏ အဆုံးတွင် ရှိသော “**Emergency Use Authorization အရေးပေါ်ကိစ္စ အသုံးပြုခွင့် (EUA)ဆိုသည်မှာ အဘယ်နည်း?**” အပိုင်းကို ဖတ်ရှုပါ။

## MODERNA COVID-19 ကာကွယ်ဆေး မထိုးခင် ဆေးထိုးပေးမည့်သူကို မည်သည့် အချက်အလက်များ ပြောပြသင့်သနည်း?

ဆေးထိုးပေးမည့်သူကို အောက်ပါတို့ အပါအဝင် သင်၏ ဆေးဘက်ဆိုင်ရာ အခြေအနေများ အားလုံးကို ပြောပြပါ-

- ဓာတ်မတည့်မှု တစ်ခုခု
- အဖျား ရှိနေခြင်း
- သွေးကျဲဆေး သောက်နေရခြင်း သို့မဟုတ် သွေးနှင့် သက်ဆိုင်သော ရောဂါ တစ်ခုခု ရှိခြင်း
- ကိုယ်ခံအားနှင့် သက်ဆိုင်သော ရောဂါ ရှိနေခြင်း သို့မဟုတ် ကိုယ်ခံအားအပေါ် သက်ရောက်မှု ရှိသည့် ဆေးသောက်နေရခြင်း
- ကိုယ်ဝန်ရှိနေခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်ရန် အစီအစဉ် ရှိခြင်း
- နို့တိုက်မိခင်
- အခြား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသားဖြစ်ခြင်း

## MODERNA COVID-19 ကာကွယ်ဆေးကို မည်သူတွေ ထိုးသင့်သနည်း?

FDA သည် Moderna COVID-19 ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့် အထက်ရှိသူများကို အရေးပေါ် အသုံးပြုခွင့် ပေးထားသည်။

## MODERNA COVID-19 ကာကွယ်ဆေးကို မည်သူတွေ မထိုးသင့်သနည်း?

သင်သည် အောက်ပါ အချက်များ တွေ့ကြုံရပါက Moderna COVID-19 ကာကွယ်ဆေးကို မထိုးသင့်ပါ-

- ကာကွယ်ဆေး ထိုးပြီးနောက် ပြင်းထန်သော ဓာတ်မတည့်မှု တွေ့ကြုံရခြင်း
- ကာကွယ်ဆေး၏ ပါဝင်ပစ္စည်း တစ်ခုခုနှင့်မဆို ပြင်းထန်သော ဓာတ်မတည့်မှု ရှိခြင်း

## MODERNA COVID-19 ကာကွယ်ဆေး၏ ပါဝင်ပစ္စည်းများမှာ အဘယ်နည်း?

Moderna COVID-19 ကာကွယ်ဆေးတွင် အောက်ပါတို့ ပါဝင်ပါသည် -messenger ribonucleic acid (mRNA), lipids (SM-102, polyethylene glycol [PEG] 2000 dimyristoyl glycerol [DMG], cholesterol, and 1,2-distearoyl-sn-glycero-3-phosphocholine [DSPC]), tromethamine, tromethamine hydrochloride, acetic acid, sodium acetate, and sucrose.

**MODERNA COVID-19 ကာကွယ်ဆေးကို မည်သို့ ပေးအပ်သနည်း?**
Moderna COVID-19 ကာကွယ်ဆေးကို သွေးကြောအတွင်း ထိုးသွင်းပေးပါသည်။

Moderna COVID-19 ကာကွယ်ဆေးကို ၁ လ ခြားပြီး ၂ ကြိမ် သွေးကြောအတွင်းသို့ ထိုးသွင်းရသည်။

Moderna COVID-19 ကာကွယ်ဆေး တစ်ကြိမ် ထိုးပြီးနောက် ၁ လ ကြာသောအခါ နောက်ထပ် တစ်ကြိမ်ထိုးမှသာ ကာကွယ်ဆေးပတ်လည်ပြည့်လိမ့်မည်။

**MODERNA COVID-19 ကာကွယ်ဆေးကို ယခင်က အသုံးပြုဖူးပါသလား?**
The Moderna COVID-19 ကာကွယ်ဆေးသည် အတည်ပြုထားခြင်း မရှိသော ကာကွယ်ဆေး ဖြစ်သည်။ ဓာတ်ခွဲခန်း စမ်းသပ်မှုများတွင် အသက် ၁၈နှစ်နှင့်အထက် ခန့်မှန်းခြေ လူပေါင်း ၁၅၄၀၀ ခန့်သည် Moderna COVID-19 ကာကွယ်ဆေးကို အနည်းဆုံး ၁ကြိမ် ထိုးသွင်းခဲ့ကြသည်။

**MODERNA COVID-19 ကာကွယ်ဆေး၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း?**
ဓာတ်ခွဲစမ်းသပ်မှုများအရ Moderna COVID-19 ကာကွယ်ဆေးသည် ၁ လ ခြားပြီး ဆေး ၂ ကြိမ် ထိုးထားသူများကို ကိုဗစ်-၁၉ ကာကွယ်ပေးနိုင်သည်။ ကိုဗစ်-၁၉ ကိုမည်မျှ ကြာကြာ ကာကွယ်ပေးနိုင်ကြောင်း မသိရှိသေးပါ။

**MODERNA COVID-19 ကာကွယ်ဆေး၏ ဘေးထွက် သက်ရောက်မှု များမှာ အဘယ်နည်း*?***
အစီရင်ခံစာများအရ Moderna COVID-19 ကာကွယ်ဆေး၏ ဘေးထွက် သက်ရောက်မှုများမှာ-

- ဆေးထိုးထားသော နေရာ - နာကျင်ခြင်း၊ ဆေးထိုးထားသော လက်မောင်းပေါ်တွင် lymph nodes ရောင်ယမ်းခြင်း၊ ရောင်ယမ်းခြင်း (မာသောအဖု)နှင့် နီရဲခြင်း Injection site reactions: pain, tenderness and swelling of the lymph nodes in the same arm of the injection, swelling (hardness), and redness
- ယေဘုယျ ဘေးထွက် သက်ရောက်မှု - မောပန်းနွမ်းနယ်ခြင်း၊ ခေါင်းမူးခြင်း၊ ကြွက်သား နာကျင်ခြင်း၊ အဆစ်အမြစ် ကိုက်ခဲခြင်း၊ ကြက်သီးထခြင်း၊ ပျို့ခြင်းနှင့် အန်ခြင်း၊ အဖျားတက်ခြင်း

Moderna COVID-19 ကာကွယ်ဆေးကြောင့် ပြင်းထန်သော ဓာတ်မတည့်မှု ဖြစ်ပွားနိုင်ခြေ ရှိပါသည်။ ပြင်းထန်သော ဓာတ်မတည့်မှုသည် Moderna COVID-19 ကာကွယ်ဆေး ထိုးပြီးနောက် မိနစ် အနည်းငယ် ကြာမြင့်သောအခါ သို့မဟုတ် တစ်နာရီခန့် ကြာမြင့်သောအခါ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် သင့်အား ဆေးထိုးပေးသူသည် သင်ကာကွယ်ဆေးထိုးပြီးနောက် စောင့်ကြည့်နိုင်ရန် ဆေးထိုးသည့် နေရာတွင် ခဏနေပေးရန် တောင်းဆိုနိုင်ပါသည်။ ပြင်းထန်သော ဓာတ်မတည့်မှု၏ ရောဂါလက္ခဏာများမှာ-

- အသက်ရှူ ခက်ခဲခြင်း
- မျက်နှာဖောင်းခြင်းနှင့် လည်ချောင်းနာခြင်း
- နှလုံးခုန်နှုန်း မြင့်ခြင်း
- ခန္ဓာကိုယ်တစ်ခါလုံး အဖုအပိန့်ထွက်ခြင်း
- မူးဝေခြင်းနှင့် အားနည်းခြင်း

Moderna COVID-19 ကာကွယ်ဆေး၏ ဖြစ်နိုင်ခြေရှိသော ဘေးထွက် သက်ရောက်မှုများမှာ ထိုမျှမက ဖြစ်နိုင်ပါသည်။ ပြင်းထန်ပြီး မထင်မှတ်ထားသော ဘေးထွက် သက်ရောက်မှုများ ရှိနိုင်ပါသည်။ Moderna COVID-19 ကာကွယ်ဆေးကို ဓာတ်ခွဲခန်း စမ်းသပ်မှုများ ဆက်လက် ပြုလုပ်နေဆဲဖြစ်သည်။

## ဘေးထွက်သက်ရောက်မှုများအတွက် ကျွန်ုပ် ဘာလုပ်သင့်သလဲ?

ပြင်းထန်သော ဓာတ်မတည့်မှု ဖြစ်ပေါ်ပါက ၉-၁-၁ သို့ဖုန်းခေါ်ဆိုပါ သို့မဟုတ် နီးစပ်ရာ ဆေးရုံသို့ သွားပါ။

သင်တွေ့ကြုံနေရသည့် ဘေးထွက် သက်ရောက်မှုများ ဖြစ်ပေါ်နေပြီး ပျောက်ကင်းမှု မရှိကြောင်း သင့်အား ကာကွယ်ဆေးထိုးပေးသည့် ဌာန သို့မဟုတ် သင်၏ ကျန်းမာရေး စောင့်ရှောက်သူကို ဖုန်းဆက် အကြောင်းကြားပါ။

ကာကွယ်ဆေး၏ ဘေးထွက်သက်ရောက်မှုများကို **FDA/CDC Vaccine Adverse Event Reporting System ကာကွယ်ဆေး သက်ရောက်မှု ဖြစ်စဉ် အစီရင်ခံခြင်း စနစ် (VAERS)** သို့သတင်းပို့ပါ။ အခမဲ့ ဖုန်းခေါ်ဆိုနိုင်သော VAERS နံပါတ်မှာ 1-800-822-7967 ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် သတင်းပို့လိုပါက https://vaers.hhs.gov/reportevent.html သို့သွားပါ။ အစီရင်ခံစာလျှောက်လွှာ၏ #18 စာကြောင်း ပေါ်တွင် "Moderna COVID-19 Vaccine EUA" ဟုဖြည့်သွင်းပါ။

ထို့အပြင် ဘေးထွက်သက်ရောက်မှုများကို ModernaTX, Inc. သို့ 1-866-MODERNA (1-866-663-3762) ဆက်သွယ် သတင်းပို့နိုင်သည်။

သင့်အနေဖြင့် **v-safe** လျှောက်ထားလိုပါက လျှောက်ထားနိုင်သည်။ **V-safe** ဆိုသည်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးနောက် ဖြစ်ပွားနိုင်သော ဘေးထွက် သက်ရောက်မှုများကို သိရှိနိုင်ရန် ကာကွယ်ဆေး ထိုးထားသူများနှင့် မက်ဆေ့ချ်များနှင့် အွန်လိုင်းစစ်တမ်း ကောက်ယူမှုများဖြင့် စစ်ဆေးသော စမတ်ဖုန်း အပေါ် အခြေခံထားသော ဆန္ဒအလျောက် အသုံးပြုနိုင်သော ကိရိယာ တစ်ခုဖြစ်သည်။ **V-safe** သည် ကိုဗစ်-၁၉ ကာကွယ်ဆေး၏ လုံးခြုံရေးကို CDC အနေဖြင့် စောင့်ကြည့် နိုင်ရန် ကူညီပေးသည့် မေးခွန်းများကို မေးမြန်းလိမ့်မည်။ **V-safe** သည် လိုအပ်ပါက ဒုတိယအကြိမ် ဆေးထိုးရန် အသိပေးချက်များကို ပြုလုပ်ပေးနိုင်သည့်အပြင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးနောက် သိသာထင်ရှားသော ကျန်းမာရေး သက်ရောက်မှုများရှိကြောင်း သတင်း ပေးပို့လာသူများကို CDC မှတယ်လီဖုန်းဖြင့် ဆက်သွယ်နိုင်ရန် ကူညီပေးသည်။ စာရင်းသွင်းရန် အသေးစိတ် အချက်အလက်များ သိရှိလိုပါက www.cdc.gov/vsafe သို့သွားပါ။

## MODERNA COVID-19 ကာကွယ်ဆေး မထိုးလိုပါက ဘာဖြစ်မည်နည်း?

Moderna COVID-19 ကာကွယ်ဆေး ထိုးခြင်း၊ မထိုးခြင်းမှာ သင်၏ ဆန္ဒအလျောက် ဖြစ်သည်။ သင်ကာကွယ်ဆေး မထိုးလိုပါက သင်၏ ပုံမှန် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု အစီအစဉ်အပေါ် သက်ရောက်မှု မရှိနိုင်ပါ။

## MODERNA COVID-19 ကာကွယ်ဆေး အပြင် အခြား ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရှိပါသလား?

လက်ရှိတွင် ကိုဗစ်-၁၉ ကိုကာကွယ်နိုင်သည့် အခြားအတည်ပြုထားသော ကာကွယ်ဆေး မရှိပါ။ FDA အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ရန် အရေးပေါ် ကိစ္စ အသုံးပြုခြင်းအတွက် အခြား ကာကွယ်ဆေးများကို ခွင့်ပြုပေးနိုင်သည်။

## MODERNA COVID-19 ကာကွယ်ဆေးကို အခြားကာကွယ်ဆေးများနှင့်အတူ ထိုးလို့ရပါသလား?

Moderna COVID-19 ကာကွယ်ဆေးကို အခြားကာကွယ်ဆေးနှင့်အတူ ထိုးခြင်းအတွက် သတင်းအချက်အလက်များ မရှိသေးပါ။

**ကျွန်ုပ်သည် ကိုယ်ဝန်ဆောင်မိခင် သို့မဟုတ် နို့တိုက်မိခင်ဖြစ်ပါက အဘယ်နည်း?**

သင်သည် ကိုယ်ဝန်ဆောင်မိခင် သို့မဟုတ် နို့တိုက်မိခင်ဖြစ်ပါက သင်၏ ကျန်းမာရေး စောင့်ရှောက်မှုပေးသူနှင့် တိုင်ပင်ပါ။

**MODERNA COVID-19 ကာကွယ်ဆေးကြောင့် ကျွန်ုပ်ကို ကိုဗစ်-၁၉ ရရှိမည်လား?**

မရရှိနိုင်ပါ။ Moderna COVID-19 ကာကွယ်ဆေးအတွင်း SARS-CoV-2 မပါဝင်သဖြင့် ဆေးထိုးခြင်းကြောင့် သင့်ကို ကိုဗစ်-၁၉ မရရှိစေနိုင်ပါ။

**ကာကွယ်ဆေးထိုးကတ်ပြားကို သိမ်းထားပါ**

သင်ပထမအကြိမ် ဆေးထိုးပြီးနောက် ဒုတိယအကြိမ် Moderna COVID-19 ကာကွယ်ဆေးထိုးသည့်အခါ ယူဆောင်လာရမည့် ကာကွယ်ဆေးထိုးကတ်ပြားကို ရရှိပါလိမ့်မည်။ ထို့ကြောင့် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးသည့်အခါ ကတ်ပြားယူလာဖို့ မမေ့ပါနှင့်။

**ထပ်ဆောင်း အချက်အလက်များ**

သင့်တွင် မေးခွန်းများရှိပါက အောက်ဖော်ပြပါ ဝဘ်ဆိုဒ်သို့ သွားပါ သို့မဟုတ် တယ်လီဖုန်းနံပါတ်ကို ခေါ်ဆိုပါ။

နောက်ဆုံးထုတ် စာရွက်စာတမ်းများကို ဖတ်ရှုရန် အောက်ပါ QR ကုဒ်ကို စကင်ဖတ်ပါ။

| **Moderna COVID-19 ကာကွယ်ဆေး ဝဘ်ဆိုဒ်** | **တယ်လီဖုန်းနံပါတ်** |
|---|---|
| www.modernatx.com/covid19vaccine-eua | 1-866-MODERNA<br>(1-866-663-3762) |

- **အသေးစိတ် သိရှိလိုပါက မည်သို့ လေ့လာနိုင်မည်နည်း။**
- ကာကွယ်ဆေးထိုးပေးသူကို မေးမြန်းနိုင်သည်။

- CDC ကို https://www.cdc.gov/coronavirus/2019-ncov/index.html တွင်သွားရောက် လေ့လာနိုင်သည်။
- FDA ကို https://www.fda.gov/emergency-preparedness-and-response/mcm-legal-regulatory-and-policy-framework/emergency-use-authorization တွင်သွားရောက် လေ့လာနိုင်သည်။
- သင်၏ ဒေသခံ သို့မဟုတ် ပြည်နယ် ပြည်သူ့ကျန်းမာရေး ဌာနသို့ ဆက်သွယ်နိုင်သည်။

## ကျွန်ုပ်၏ ကာကွယ်ဆေးထိုး အချက်အလက်များကို မည်သည့်နေရာတွင် မှတ်တမ်းတင်ထားမည်နည်း?

ကာကွယ်ဆေးထိုးပေးသူသည် သင်၏ ပြည်နယ်/ဒေသခံ အာဏာပိုင်များ၏ ကာကွယ်ဆေး အချက်အလက် စနစ် (IIS) သို့မဟုတ် အခြား သက်ဆိုင်ရာစနစ်ထံသို့ သင်၏ ကာကွယ်ဆေးထိုး အချက်အလက် များကို ပေးပို့နိုင်သည်။ သို့မှသာ သင့်အနေဖြင့် ဒုတိယအကြိမ် ဆေးထိုးသည့်အခါ တူညီသော ကာကွယ်ဆေး ရရှိစေရန် သေချာစေ နိုင်မည်။ IISနှင့် ပတ်သက်ပြီး အသေးစိတ် သိရှိလိုပါက- https://www.cdc.gov/vaccines/programs/iis/about.html တွင်သွားရောက် လေ့လာနိုင်သည်။

## ဘေးထွက်ဆိုးကျိုး လျော်ကြေးပေး အစီအစဉ် ဆိုသည်မှာ အဘယ်နည်း?

The Countermeasures Injury Compensation Program ဘေးထွက်ဆိုးကျိုး လျော်ကြေးပေး အစီအစဉ် (CICP) သည် ယခုကာကွယ်ဆေး အပါအဝင် အခြား သတ်မှတ်ထားသော ဆေးဝါးများ သို့မဟုတ် ကာကွယ်ဆေး များကြောင့် ပြင်းထန်စွာ ထိခိုက် နစ်နာရခြင်းအတွက် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုနှင့် အခြား သတ်မှတ်ထားသော ကုန်ကျစရိတ် များကို ကူညီ ပေးချေပေးသည့် ဖက်ဒရယ် အစီအစဉ် တစ်ခုဖြစ်သည်။ ပုံမှန်အားဖြင့် ကာကွယ်ဆေး ထိုးပြီးနောက် (၁)နှစ်အတွင်း CICP ထံသို့ လျှောက်လွှာ တင်သွင်းရမည်။ ထိုအစီအစဉ်နှင့် ပတ်သက်ပြီး ပိုမို သိရှိလိုပါက www.hrsa.gov/cicp/ သို့သွားပါ သို့မဟုတ် ဖုန်းနံပါတ် 1-855-266-2427 သို့ဖုန်းခေါ်ဆိုပါ။

## EMERGENCY USE AUTHORIZATION အရေးပေါ်ကိစ္စ အသုံးပြုခွင့် (EUA) ဆိုသည်မှာ အဘယ်နည်း?

အမေရိကန် ပြည်ထောင်စု FDA အဖွဲ့သည် Moderna COVID-19 ကာကွယ်ဆေးကို EUA ဥပဒေ အောက်ရှိ အရေးပေါ် သုံးစွဲခွင့် ရရှိစေရန် ခွင့်ပြုပေးခဲ့သည်။ EUA ကို Secretary of Health and Human Services ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှု အတွင်းရေးမှူး (HHS) မှ ပံ့ပိုးထားပြီး ကိုဗစ်-၁၉ ကာလအတွင်း ဆေးဝါးနှင့် ပဋိဇီဝ ထုတ်ကုန်များကို အရေးပေါ် အသုံးပြုသင့်သော အခြေအနေများ ရှိကြောင်း ထုတ်ပြန်ခဲ့သည်။

Moderna COVID-19 ကာကွယ်ဆေးကို FDA-ခွင့်ပြုချက် ရရှိစေရန် သို့မဟုတ် အတည်ပြု ထုတ်ကုန် အဖြစ် သတ်မှတ်ပေးရန် စိစစ်ခြင်း လုပ်ငန်းဆောင်တာများ မပြုလုပ်ရသေးပါ။ လုံလောက်သော၊ အတည်ပြု ထားသော အခြား ရွေးချယ်စရာများ မရှိသည့် အခြေအနေများ အပါအဝင် သတ်မှတ်ချက် ပြည့်မီသည့် အခါ FDA အနေဖြင့် EUA ကိုထုတ်ပြန်နိုင်သည်။ ထို့အပြင် ကူးစက်ရောဂါ ပြန့်ပွားသည့် အခါကအတွင်း ဆေးဝါးက ကိုဗစ်-၁၉ ကို ထိရောက်စွာ ကာကွယ်ပေးနိုင်ကြောင်း သိပ္ပံနည်းကျ သက်သေများ ရရှိနိုင်သည့်အပြင် ဆေးဝါး၏ ဖြစ်နိုင်ခြေ ရှိသော ကောင်းကျိုးများသည် ၎င်း၏ ဖြစ်နိုင်ခြေရှိသော အန္တရာယ်များထက် သာလွန်ခြင်း ရှိမရှိအပေါ် FDA ၏ ဆုံးဖြတ်ချက်သည် အခြေခံသည်။ ကိုဗစ်-၁၉ ကူးစက်ရာဂါ ကာလအတွင်း လူနာများကို ထုတ်ကုန်ပစ္စည်းဖြင့် ကုသခွင့် ရရှိနိုင်ရန် အထက်ပါ သတ်မှတ်ချက်များကို ပြည့်မီရန် လိုအပ်သည်။

ကိုဗစ်-၁၉ EUA ၏ ထုတ်ကုန် အသုံးပြုခွင့် ထုတ်ပြန်ချက် ကာလအတွင်း အဆိုပါ ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း (ထိုသို့ ပြုလုပ်ခဲ့ပါက ထုတ်ကုန်များကို ဆက်လက် သုံးစွဲခြင်း မပြုပါ) တို့ မပြုလုပ်မချင်း Moderna COVID-19 ကာကွယ်ဆေးကို EUA အရေးပေါ် ကိစ္စ အသုံးပြုခွင့် ရှိသည်။

©2020 ModernaTX, Inc. အခွင့်အရေးများအားလုံး မူပိုင်ခွင့်ရယူထားသည်။
မူပိုင်ခွင့်(များ)- www.modernatx.com/patents
နောက်ဆုံး ပြုပြင်ရက်စွဲ - ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ

ကာကွယ်ဆေး ရယူသူများထံသို့ အီလက်ထရောနစ် ဆေးဘက်ဆိုင်ရာ မှတ်တမ်းများ/ ကာကွယ်ဆေး အချက်အလက် စနစ်များတွင် ယခု အချက်အလက် စာတမ်းကို ပေးအပ်ကြောင်းသင်းနိုင်ရန် စကင်ဖတ်ပါ။
ဘားကုဒ် နေ့စွဲ - ၁၂/၂၀၂၀